


# ဂျပန်နိုင်ငံတွင် လက်ရှိမှာပင် နှစ်စဉ်ပျမ်းမျှအားဖြင့် လူ 28 ဦးသည် တီဘီရောဂါရှိကြောင်း စစ်ဆေးတွေ့ရှိရဆဲဖြစ်သည်။

**ချောင်းဆိုး၊ သလိပ်များသည်
2ပတ်နှင့်အထက်
ဆက်တိုက်ဖြစ်နေခြင်း၊
အဖျားငွေ့ငွေ့ရှိခြင်းနှင့်
ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ် တို့ ဆက်နေပါက
အမြန်ဆုံးကျန်းမာရေးကုသမှုခံယူပါ။**




- ဂျပန်နိုင်ငံတွင် တီဘီရောဂါလူနာအသစ်အများစုသည် သက်ကြီးရွယ်အိုများဖြစ်ပြီး လေးပုံသုံးပုံခန့်(74%)သည် အသက် 60 နှင့်အထက်များဖြစ်သည်။
- အထူးသဖြင့် နိုင်ငံခြားဖွားလူငယ်လူနာများ၏ ရာခိုင်နှုန်းသည် တိုးများလာနေပြီး လူငယ်ပိုင်း (20မှ 29နှစ်) ရှိ လူနာအသစ်များ၏ လေးပုံသုံးပုံခန့်(77.5%)

MHLW Ministry of Health, Labour and Welfare of Japan

The Ministry of Health, Labor and Welfare's website about tuberculosis

# တီဘီရောဂါအကြောင်း အမေးအဖြေ 5 ခု

## Q1 တီဘီရောဂါလက္ခဏာတွေက ဘာတွေလဲ?

**A1** တီဘီရောဂါ၏ လက္ခဏာများ (ကြာရှည် ချောင်းဆိုးခြင်း၊ သလိပ်၊ အဖျားငွေ့ငွေ့၊ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်စသည်)တွင် ထူးခြားသည့်လက္ခဏာမရှိဘဲ အစောပိုင်း အဆင့်များတွင် မသိသာခြင်း များသောကြောင့် အထူးသဖြင့် သက်ကြီးရွယ်အိုများသည် သတိမထားမိခင်မှာပဲ ရောဂါအဆင့်တိုးသွားတတ်ပါသည်။ ချောင်းဆိုးခြင်း သို့မဟုတ် သလိပ်ထွက်ခြင်းတို့ 2 ပတ်နှင့်အထက် ဆက်ဖြစ်ခြင်း၊ အဖျားငွေ့ငွေ့ရှိခြင်း၊ ခန္ဓာကိုယ်ညောင်းညာခြင်းတို့ ဆက်တိုက်ဖြစ်ပါက အမြန်ဆုံးကျန်းမာရေးကုသမှုခံယူပါ။

## Q2 တီဘီရောဂါက ဘယ်လိုကူးစက်သလဲ?

**A2** တီဘီရောဂါ အဆင့်တိုးလာသောအခါတွင် ချောင်းဆိုးခြင်း၊ နှာချေခြင်းတို့ကြောင့် လေထဲတွင် တီဘီရောဂါပိုးများ ပျံ့လွင့်နပေါမည်။ ထိုတီဘီရောဂါပိုးကို ရှူရှိုက်ခြင်းဖြင့် အနီးနားမှလူများသို့ ကူးစက်ပျံ့နှံ့သွားပါမည်(လေမှတဆင့် ကူးစက်ခြင်း)။

## Q3 ပုံမှန် သတိထားရမည့်အရာတွေကဘာတွေလဲ?

**A3** ပုံမှန်ကျန်းမာရေးစစ်ဆေးမှု ခံယူရန် အရေးကြီးပါသည်။ တီဘီရောဂါဖြစ်နေလျှင်ပင် စောစီးစွာ သိရှိထားပါက ပိုမိုဆိုးရွားလာမှုကို ကာကွယ်ရုံသာမက သင့်မိသားစုနှင့် သူငယ်ချင်းများထံ ကူးစက်ပျံ့နှံ့မှုကိုလည်း တားဆီးနိုင်ပါသည်။

## Q4 ဂျပန်နိုင်ငံ၌ ဘယ်လိုလူများတွင် တီဘီရောဂါကို စစ်ဆေးတွေ့ရှိနရေပါသလဲ?

**A4** တီဘီရောဂါလူနာသစ်များတွင် သက်ကြီးရွယ်အိုများသည် အများစုဖြစ်ပြီးလေးပုံသုံးပုံခန့်မှာ အသက် 60 နှင့်အထက်များဖြစ်ပါသည်။ ထို့ပြင် အထူးသဖြင့် နိုင်ငံခြားဖွားလူငယ်ပိုင်းလူနာရာခိုင်နှုန်းများလည်း တိုးလာပြီး အသက် 20 မှ 29 နှစ်ကြား လူနာသစ်များ၏ လေးပုံသုံးပုံခန့်ရှိပါသည်။

## Q5 တီဘီရောဂါကို ကုသလျှင် ပျောက်ကင်းနိုင်ပါသလား?

**A5** တီဘီရောဂါသည် ဆရာဝန်ညွှန်ကြားချက်အတိုင်း ဆေးဝါးများ (တီဘီရောဂါတိုက်ဖျက်ရေးဆေးစသည်) ပုံမှန်သောက်သုံးခြင်းဖြင့် ပျောက်ကင်းနိုင်ပါသည်။ ပုံမှန်ကုသမှုကာလသည် 6 လမှ 9 လ ဖြစ်ပါသည်။ ကုသနေစဉ်အတွင်း ဆေးသောက်ခြင်းကို ရပ်လိုက်ခြင်း၊ ညွှန်ကြားထားသည့်အတိုင်း ဆေးမသောက်ခြင်းတို့ ပြုလုပ်ပါက တီဘီပိုးသည် ဆေးကို ခုခံနိုင်စွမ်း (ခံနိုင်ရည်) ရှိသွားပြီး ဆေးယဉ်ပါးသည့်တီဘီရောဂါပိုး (ခံနိုင်ရည်ရှိရောဂါပိုး) ဖြစ်သွားနိုင်ခြေရှိပါသည်။ ဆရာဝန်၏ညွှန်ကြားချက်ကို လိုက်နာပြီး ပြီးဆုံးသည်အထိ ဆေးကိုသေချာစွာဆက်သောက်ရန်မှာ အရေးကြီးဆုံးဖြစ်ပါသည်။

MHLW Ministry of Health, Labour and Welfare of Japan

The Ministry of Health, Labor and Welfare's website about tuberculosis